ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး

(၄၁)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက် )**

**[ကြာသပတေးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၄၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယ အကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို(၁၉၂)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၅.၇၁)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ရဲ့ (၄၁)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးစောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

ပဉ္စမပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ ၁၀-၈-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင်ဖြစ်သူ ကျွန်တော် စောယှားဖောင်အွာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဖခင်ဖြစ်သူကျန်းမာရေး။ ဦးအေးချို၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ မျက်စိခွဲစိတ်ကုသရန်။ ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ မျက်စိခွဲစိတ်ကုသရန်။ ဦးဝေစိန်အောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ နန်းမိုးမိုးထွေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်။ ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်မင်းလတ်(ခ) ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၂၂)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၁၀)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ (၃၂)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ ပန်ကြားတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၂)ဦး၊

ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၀)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၃၂) ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်ငါးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## မကွေးတိုင်းဒေသကြီး၊ စလင်းမြို့မှ လက်ရှိအားကစားကွင်းကို အဆင့်မြှင့်တင် ပြုပြင်ပေးပြီး မိုးလုံလေလုံ အားကစားကွင်းအဖြစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင် က မကွေးတိုင်းဒေသကြီး၊ စလင်းမြို့မှ လက်ရှိ အားကစားကွင်းကို အဆင့်မြှင့်တင် ပြုပြင်ပေးပြီး မိုးလုံလေလုံအားကစားကွင်းအဖြစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်အပေါင်း မင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ စလင်းမြို့မှာရှိတဲ့ လက်ရှိ အားကစားကွင်းကို အဆင့်မြှင့်တင် ပြုပြင်ပေးပြီး မိုးလုံလေလုံ အားကစားကွင်း အဖြစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဖြစ်ပါတယ်။

မေးမြန်းလိုတဲ့ အကြောင်းပြချက်ကတော့ စလင်းမြို့နယ်ဟာ မကွေးတိုင်းဒေသကြီးမှာ ရပ်ကွက်၊ ကျေးရွာအုပ်စု(၁၀၉)အုပ်စုရှိပြီး ကျေးရွာခွဲပေါင်း(၄၁၅)ရွာ၊ လူဦးရေအားဖြင့်(၂၅၀၂၅၀)ဦး ရှိပါတယ်။ အားကစားထူးချွန်မှုအနေနဲ့ ကြည့်မယ်ဆိုရင်လည်း ဘောလီဘော၊ ဘောလုံး၊ စားပွဲတင် တင်းနစ်၊ ဘတ်စကတ်ဘော ဒီအားကစားနည်းတွေမှာ တိုင်းလက်ရွေးစင်၊ မြန်မာ့လက်ရွေးစင် အဆင့်အထိ တက်လှမ်းနိုင်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်ခင်ဗျား။ စလင်းပြည်သူ့အားကစားကွင်းကြီးက ၁၉၁၂ ခုနှစ်ကနေ ၁၉၇၁ ခုနှစ်အထိ စလင်း အ.ထ.က ကွင်းမှာလည်းကောင်း၊ ၁၉၇၂ ခုနှစ်ကနေ ၁၉၈၂ ခုနှစ် အထိ ယခုလက်ရှိ စလင်းပြည်သူ့ဆေးရုံကြီးနေရာမှာလည်းကောင်း၊ ၁၉၈၃ ခုနှစ်ကနေ ၁၉၉၄ ခုနှစ်အထိ စလင်း စည်ပင်သာယာပိုင်မြေမှာလည်းကောင်း၊ ၁၉၉၅ ခုနှစ်ကနေ ယနေ့အထိ လက်ရှိ အားကစားကွင်းနေရာမှာ အဆင့်ဆင့် ပြောင်းရွှေ့ခဲ့ရပါတယ်ခင်ဗျား။

လေးစားအပ်သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point တင်ပြခွင့်ပြုပါ။ ယင်းသို့ ပြောင်းရွှေ့ခြင်း အဆင့်ဆင့်အပိုင်းများကို မြို့လူထုက ပူးပေါင်းဆောင်ရွက်ခဲ့ရပါတယ်။ ယခု လက်ရှိအားကစားကွင်းမှာ ၁၉၉၅ ခုနှစ်၊ န.ဝ.တ လက်ထက် တောင်သူ(၆)ဦးပိုင်မြေ (၉.၇)ဧကပေါ်မှာ တည်ဆောက်ခြင်းဖြစ်၍ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့မှာ နိုင်ငံတော်မှ မြေယာလျော်ကြေးအဖြစ် တစ်ဧက ဆယ်သိန်းနှုန်းဖြင့် သင့်ငွေ(၉.၇)သန်းကို တောင်သူများအား ပေးချေပြီးဖြစ်သလို လယ်ယာမြေ အသုံးချခွင့် ရရှိရေးအတွက် စလင်းမြို့နယ်၊ အားကစားဦးစီးဌာန၊ သက်ဆိုင်ရာအဆင့်ဆင့်ကို တင်ပြပြီး ဖြစ်ပါတယ်ခင်ဗျား။ အားကစားကွင်းသွားတဲ့ မြောင်းကူးသံကူကွန်ကရစ်တံတားကိုလည်း ကျွန်တော်တို့ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လအတွင်းမှာ မြို့လူထုအင်အားနဲ့ပဲ တည်ဆောက်ခဲ့ပါတယ်။ ဒါပေမဲ့ လက်ရှိ အားကစားကွင်းမှာ အကာအရံ မရှိခြင်း၊ ပွဲကြည့်စင်မှာ စုတ်ပြတ်နေခြင်း၊ အားကစားဝန်ထမ်းများ အတွက် အိမ်ရာများ မရှိခြင်း၊ ပြေးလမ်း မရှိခြင်း စတဲ့လိုအပ်ချက်များ ဖြစ်နေပါတယ်ခင်ဗျား။

လေးစားအပ်သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်လိုသည်မှာ မကွေး တိုင်းဒေသကြီး၊ စလင်းမြို့မှ လက်ရှိ အားကစားကွင်းကို အဆင့်မြှင့်တင် ပြုပြင်ပေးပြီး မိုးလုံလေလုံ အားကစားကွင်းအဖြစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါ၍ ပြည်သူများကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါတယ်။ (ဩဘာသံများ)

စလင်းမြို့၏ ယခုလက်ရှိ ဘောလုံးကွင်းနေရာ မြင်ကွင်းပုံ (ဘဘ)




စလင်းမြို့၏ ယခုလက်ရှိ ဘောလုံးကွင်း ပွဲကြည့်စင် မြင်ကွင်းပုံ (ဘဘ-၁)



စလင်းမြို့၏ ယခုလက်ရှိ ဘောလုံးကွင်း အကာအရံ မရှိခြင်း မြင်ကွင်းပုံ (ဘဘ-၂)



**မွန်ပြည်နယ်၊ ရေးမြို့နယ်၊ လမိုင်းမြို့ တိုက်နယ်ဆေးရုံ၌ လစ်လပ်နေသော လက်ထောက်ဆရာဝန်တစ်ဦးကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟ က မွန်ပြည်နယ်၊ ရေးမြို့နယ်၊ လမိုင်းမြို့ တိုက်နယ်ဆေးရုံ၌ လစ်လပ်နေသော လက်ထောက်ဆရာဝန်တစ်ဦးကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးနိုင်သီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ မင်္ဂလာပါ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသား ပြည်သူများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နဲ့ ပြည့်ဝပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ရေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်သီဟ ဖြစ်ပါတယ်။ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ လမိုင်းမြို့ တိုက်နယ်ဆေးရုံနယ်မြေမှာ လမိုင်းမြို့ပေါ်ရှိ မြို့မ(၁)၊ မြို့မ(၂)၊ မြို့မ(၃)ရပ်ကွက် အပါအဝင် မော့ကနင်၊ တောင်ဘုံ၊ နှစ်ကရင်၊ ကော့ဒွတ်၊ ကုလားကုတ်၊ သောင်ပြင်၊ ဒုံဖီ၊ ဘေးလမိုင်း အစရှိတဲ့ ကျေးရွာအုပ်စုများမှ အိမ်ခြေပေါင်း(၁၄၈၀၇)အိမ်၊ လူဦးရေ (၉၂၉၄၃)ဦးတို့ရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို တာဝန်ယူထားရတဲ့ တိုက်နယ်ဆေးရုံ(၁)ရုံဖြစ်ပါတယ်။

အဆိုပါ လမိုင်းတိုက်နယ်ဆေးရုံမှ မော်တော်ကားဖြင့် သွားရောက်ရပါက ရေးမြို့ဆေးရုံကြီးကို မိုင်(၂၀)ခရီးကို အနည်းဆုံး(၄၅)မိနစ်ခန့် အချိန်ယူရပါတယ်။ သံဖြူဇရပ်မြို့ ဆေးရုံကိုလည်း တစ်နာရီဝန်းကျင်ခန့် အချိန်ယူပြီးမှ သွားရောက်ပြီးမှ အဆိုပါ သံဖြူဇရပ်မြို့ ဆေးရုံကြီးကိုရောက်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီ(၁၆)ခုတင်ဆံ့ လမိုင်းတိုက်နယ် ဆေးရုံမှာ ယခင်က တာဝန်ကျဆရာဝန်(၂)ဦး ရှိတဲ့အနက်မှ လွန်ခဲ့တဲ့ တစ်နှစ်ခွဲကျော်မှ စပြီးတော့ တာဝန်ကျဆရာဝန်တစ်ဦး တခြားဒေသကို ပြောင်းရွှေ့သွားတဲ့အတွက်ကြောင့် ဆရာဝန်တစ်ဦး လစ်လပ်လျက်ရှိပါတယ်။ အရေးပေါ်ခွဲစိတ်ကုသရမယ့်လူနာများ ဥပမာ အူအတက်ပေါက်သော လူနာများ၊ Accident ဖြစ်တဲ့ လူနာများ၊ အရေးပေါ်မွေးလူနာများကို ဆရာဝန်တစ်ဦးတည်းကသာ ကြည့်ရှုဆောင်ရွက်နေရပါသဖြင့် အခြားလူနာများကို အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုစောင့်ရှောက်ရန် အခက်အခဲများ၊ အားနည်းချက်များ ဖြစ်ပေါ်နေတဲ့ အတွက်ကြောင့် လစ်လပ်နေသော တိုက်နယ်ဆေးရုံ လက်ထောက်ဆရာဝန် တစ်ဦးအား ဖြည့်ဆည်းဆောင်ရွက်ပေးရန် မဲဆန္ဒရှင်ပြည်သူများက လိုလားလျက်ရှိနေပါတယ်။

ထို့အတွက်ကြောင့် ဒေသခံတိုင်းရင်းသားများရဲ့ ကျန်းမာရေးပြုစုစောင့်ရှောက်မှု အခက်အခဲကို ဖြေရှင်းပေးနိုင်ရန်အတွက် မွန်ပြည်နယ်၊ ရေးမြို့နယ်၊ လမိုင်းမြို့ တိုက်နယ်ဆေးရုံမှာ လစ်လပ်နေတဲ့ လက်ထောက်တိုက်နယ်ဆရာဝန် တစ်ဦးအား ဖြည့်ဆည်းဆောင်ရွက်ပေးပါရန် လွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အစိုးရဝန်ထမ်းမဟုတ်သော ပြင်ပ သွားဘက်ဆိုင်ရာ ဆရာဝန်များအား သက်ဆိုင်ရာ ဘာသာရပ်တစ်ခုချင်းစီအလိုက် အထူးပြု မဟာဘွဲ့လွန်ပညာများ ဆက်လက် သင်ကြားခွင့်ပြုရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်က အစိုးရဝန်ထမ်းမဟုတ်သော ပြင်ပ သွားဘက်ဆိုင်ရာ ဆရာဝန်များအား သက်ဆိုင်ရာ ဘာသာရပ်တစ်ခုချင်းစီအလိုက် အထူးပြု မဟာဘွဲ့လွန်ပညာများ ဆက်လက်သင်ကြားခွင့်ပြုရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုသော မေးခွန်းမှာ အစိုးရဝန်ထမ်းမဟုတ်သော ပြင်ပ သွားဘက်ဆိုင်ရာ ဆရာဝန်များအား သက်ဆိုင်ရာ ဘာသာရပ်တစ်ခုချင်းစီအလိုက် အထူးပြု မဟာဘွဲ့လွန်ပညာများ ဆက်လက်သင်ကြားခွင့်ပြုရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်ပညာရေးနှစ်တွင် စတင်သင်ကြားခွင့်ပြုပေးနိုင်မည်ကို သိရှိလိုသော မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတွင် သွားဘက်ဆိုင်ရာ ဆေးကောလိပ်ကို ၁၉၆၄ ခုနှစ်တွင် စတင်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ၁၉၇၇ ခုနှစ်တွင် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ရန်ကုန်အဖြစ် အဆင့်မြှင့်တင်နိုင်ခဲ့ပါတယ်။ ၁၉၉၉ ခုနှစ်တွင် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် မန္တလေးကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ရန်ကုန်တွင်(၁၃၀)ဦး၊ မန္တလေးတွင်(၁၂၀)ဦး၊ တစ်နှစ်လျှင်(၂၅၀)ဦးတို့ကို သွားဘက်ဆိုင်ရာ ဆရာဝန်များအဖြစ် နှစ်စဉ် မွေးထုတ်နိုင်ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်၊ စာရင်းဇယားများအရ သွားဘက်ဆိုင်ရာ ဆရာဝန်ဘွဲ့ရ(၄၃၅၁)ဦးအနက် သ.ခ ခေါ် သွားဘက်ဆိုင်ရာ ဆေးကုသခွင့်လိုင်စင်ရှိသူ(၄၂၉၂)ဦးရှိကြောင်း သိရှိရပါတယ်။ ဝန်ထမ်းဆရာဝန်များအား လုပ်သက်(၂)နှစ်ပြည့်လျှင် Md.sc ခေါ် အထူးပြု မဟာဘွဲ့လွန်ဆေးပညာများကို ဝင်ခွင့်စာမေးပွဲများ စစ်ဆေးဖြေဆိုစေ၍ အောင်မြင်သူများကို ၁၉၉၃ ခုနှစ်မှ စတင်၍ ဘွဲ့လွန်သင်တန်းများ တက်ရောက်စေခဲ့ပါတယ်။ နှစ်စဉ် ဘွဲ့လွန်ကျောင်းသားများ (၂၀)ဦးခန့် တက်ရောက်စေရာမှာ ၂၀၁၄ ခုနှစ်တွင် လိုအပ်ချက်များအရ (၃၀)အထိ တိုးမြှင့်ခေါ်ယူခဲ့ကြောင်း သိရှိရပါတယ်။

ယခင်က အထွေထွေဘာသာရပ်များကိုသာ သင်ကြားပေးရာမှ ယခုအခါ မေးရိုးနှင့် ခံတွင်းခွဲစိတ်မှုပညာ၊ မေးရိုးနှင့် ခံတွင်းဆေးပညာ၊ သွားဖုံးရောဂါကုပညာ၊ သွားတုဆေးပညာ၊ ကလေးသွားကျန်းမာရေးပညာ၊ သွားညှိကုပညာ၊ ကာကွယ်ကုသ ပြည်သူ့သွားကျန်းမာရေးပညာ အစရှိသဖြင့် Speciality (၈)ဘာသာကို အထူးပြု မဟာဘွဲ့လွန်သင်တန်းများအဖြစ် ပေးအပ်နိုင်ခဲ့ပါတယ်။ ယခုအခါ

မြန်မာနိုင်ငံတွင် အထူးပြုမဟာဘွဲ့လွန်ပညာရှင်(၁၉၀)ဦး၊ Doctorate ခေါ် သွားဘက်ဆိုင်ရာဆေးလက်တွေ့ ပါရဂူဘွဲ့(၁၅၆)ဦး၊ Ph.D သွားဘက်ဆိုင်ရာ ဆေးလက်တွေ့ အခြေခံပါရဂူဘွဲ့ (၂)ဦးအထိ ရှိပြီး ဖြစ်သော်လည်း ပြင်ပ သွားဆရာဝန်များအတွက်မူ ဒီပလိုမာသင်တန်း တစ်နှစ်သာ ခေါ်ယူပေးနိုင်ခဲ့ကြောင်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အချို့သော အစိုးရဝန်ထမ်းဆရာဝန်များသည် နိုင်ငံကို အလုပ်အကျွေးပြုလိုခြင်းထက် M.Sc ဖြေဆိုခွင့်ရရှိရေးကို အလေးထားသောဆရာဝန်များအဖြစ် ဝမ်းနည်းဖွယ်ရာ တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံရှိ ပြင်ပ သွားဘက်ဆိုင်ရာဆရာဝန်များသည် အခြားနိုင်ငံရှိ ပြည်ပတက္ကသိုလ်များသို့ မဟာဘွဲ့လွန်သင်တန်းများကို သွားရောက်သင်ယူရာတွင် အကုန်အကျစရိတ် များပြားခြင်း၊ နိုင်ငံခြားငွေ သုံးစွဲရခြင်းတို့ကြောင့် ပြည်သူ့ဘဏ္ဍာငွေများကို တစ်ဖက်တစ်လမ်းမှ ဆုံးရှုံးစေပါတယ်။ ပြည်ပနိုင်ငံရှိ တက္ကသိုလ်များတွင် ဂုဏ်ထူးဆောင်ပါမောက္ခများ၊ ပြင်ပဆရာဝန်များအဖြစ် ထူးချွန်စွာ သွားရောက်ပညာသင်ကြား ထမ်းဆောင်နေရတဲ့အတွက်ကြောင့် မြန်မာနိုင်ငံတွင် လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးမှုများနှင့်လည်း ကြုံတွေ့နေရပါတယ်။ ပြင်ပသွားဘက်ဆိုင်ရာဆေးခန်းများတွင် သွားရောက်ကုသနေရသည့် လူနာအရေအတွက်မှာ ပြည်သူ့ဆေးရုံများတွင် သွားရောက်ကုသနေရသည့် လူနာအရေအတွက်ထက် ဆယ်ဆခန့် များပြားကြောင်း တွေ့ရှိရပါတယ်ခင်ဗျား။

ထို့ကြောင့် ပြင်ပ သွားနှင့် ခံတွင်းဆရာဝန်များ၏ ပညာအရည်အသွေး မြှင့်တင်မှု ဘွဲ့လွန်သင်တန်းများ တက်ရောက်ခွင့် ရရှိစေမှုကို အထူးစဉ်းစား ဆောင်ရွက်သင့်ပါသည်ဟု ယူဆရပါတယ်။ မြန်မာနိုင်ငံ၏ သွားနှင့် ခံတွင်း ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုမှာ တိုးတက်နေသာ အာဆီယံနိုင်ငံများနှင့် နှိုင်းယှဥ်ပါက အသိပညာ၊ အတတ်ပညာပိုင်းတွင်လည်းကောင်း၊ သုတေသနပိုင်းတွင်လည်းကောင်း များစွာ နောက်ကျကျန်နေသည်ကိုလည်း တွေ့ရှိရပါတယ်။ ဖွံ့ဖြိုးတိုးတက်နေသည့် အာဆီယံနိုင်ငံများရှိ ဝန်ထမ်းမဟုတ်သော သွားဆရာဝန်များသည် မိမိတို့၏ ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်အောင် မိမိတို့ကိုယ်တိုင် ကြိုးပမ်းသကဲ့သို့ အစိုးရမှလည်း များစွာအားပေးကူညီကြောင်းကိုလည်း တွေ့ရှိရပါတယ်။ ဥပမာ အိမ်နီးချင်း ထိုင်းနိုင်ငံတွင် Medical Tourism ကဲ့သို့သောလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် ၎င်းတို့၏ တိုင်းပြည်ဝင်ငွေကို တစ်ဖက်တစ်လမ်းမှ တိုးတက်စေကြောင်းလည်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြင်ပ သွားဆရာဝန်များအနေဖြင့် မြန်မာနိုင်ငံ၏ သွားနှင့် ခံတွင်းဆရာဝန်များအသင်းကောင်စီတို့၏ ဦးဆောင်မှုဖြင့် စဥ်ဆက်မပြတ် ပညာရေးဆိုင်ရာဟောပြောပွဲများကို ကျင်းပခြင်း၊ ပြည်သူများနှင့် သွားနှင့် ခံတွင်းပြဿနာများကို ထဲထဲဝင်ဝင် ကုသခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ပြင်ပ သွားဘက်ဆိုင်ရာ ဆရာဝန်များ၏ ပညာရပ်ဆိုင်ရာတိုးတက်စေခြင်းဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကို ပိုမိုအဆင့်မီအောင် ဆောင်ရွက်နိုင်မည်ကို ယုံကြည်ပါသဖြင့် ဤမေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ကျုံကွယ်ကျေးရွာအုပ်စုအတွင်းရှိ နွတ်အောက်ရွာနှင့် ကော့ကလော့ ကျေးရွာအုပ်စုရှိ မွေဟောက်ရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာနခွဲများ တိုးချဲ့ပေးရန်၊ နိဒ့်၊ တောင်ကလေး၊ ကော့စပ်ကျေးရွာများတွင် ကျေးလက်ကျန်းမာရေးဌာနခွဲများ ဆောက်လုပ်ပေးရန်နှင့် မိကသစ်၊ အလှပ်ကုန်း၊ ကဒါ၊ ဖနုံ၊ မရင်းကုန်း၊ ဦးလေးကျေးရွာများတွင် လိုအပ်လျက်ရှိသော ဝန်ထမ်း အိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်ဇော်ဦး က မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ကျုံကွယ်ကျေးရွာအုပ်စုအတွင်းရှိ နွတ်အောက်ရွာနှင့် ကော့ကလော့ ကျေးရွာအုပ်စုရှိ မွေဟောက်ရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာနခွဲများ တိုးချဲ့ပေးရန်၊ နိဒ့်၊ တောင်ကလေး၊ ကော့စပ်ကျေးရွာများတွင် ကျေးလက်ကျန်းမာရေးဌာနခွဲများ ဆောက်လုပ်ပေးရန်နှင့် မိကသစ်၊ အလှပ်ကုန်း၊ ကဒါ၊ ဖနုံ၊ မရင်းကုန်း၊ ဦးလေး ကျေးရွာများတွင် လိုအပ်လျက်ရှိသော ဝန်ထမ်း အိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးခင်ဇော်ဦး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်သော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ကျိုက်မရောမြို့နယ် ကိုယ်စားပြု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဇော်ဦး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးလိုတဲ့ မေးခွန်းကတော့ မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ကျုံကွယ်ကျေးရွာအုပ်စု အတွင်းရှိ နွတ်အောက်ရွာနှင့် ကော့ကလော့ ကျေးရွာအုပ်စုရှိ မွေဟောက်ရွာ တို့တွင် ကျေးလက်ကျန်းမာရေးဌာနခွဲများ တိုးချဲ့ပေးရန်၊ နိဒ့်၊ တောင်ကလေး၊ ကော့စပ်ကျေးရွာများ တွင် ကျေးလက်ကျန်းမာရေးဌာနခွဲများ ဆောက်လုပ်ပေးရန်နှင့် မိကသစ်၊ အလှပ်ကုန်း၊ ကဒါ၊ ဖနုံ၊ မရင်းကုန်း၊ ဦးလေးကျေးရွာများတွင် လိုအပ်လျက်ရှိသော ဝန်ထမ်းအိမ်ရာများအား ဝန်ကြီးဌာန အနေဖြင့် မည်သို့ ဆောင်ရွက်ပေးနေသည်ကို သိရှိလို၍ မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုက်မရောမြို့နယ်အတွင်းရှိ ကျုံကွယ်ကျေးရွာအုပ်စုသည် ကျေးရွာခွဲ ပေါင်း(၁၃)ရွာဖြင့် ဖွဲ့စည်းထားပြီး အကျယ်အဝန်းမှာ (၂၈၆၈)ဧကကျယ်ဝန်းပြီး အိမ်ခြေပေါင်း(၁၂၇၈) အိမ်၊ လူဦးရေပေါင်း(၈၃၉၉)ဦးဖြင့် ဖွဲ့စည်းထားပြီး လက်ရှိတွင် ကျုံကွယ်ကျေးရွာတွင်သာ ကျေးလက် ကျန်းမာရေးဌာန(ခွဲ)တစ်ခုသာ ရှိနေခဲ့ပါတယ်။ ထို့အပြင် ကော့ကလော့ ကျေးရွာအုပ်စုမှာလည်း ရွာ ပေါင်း(၈)ရွာနဲ့ ဖွဲ့စည်းထားပြီး အကျယ်အဝန်းမှာ (၁၀၅၅၃)ဧက ကျယ်ဝန်းပြီး၊ အိမ်ခြေပေါင်း (၁၀၃၃) အိမ်၊ လူဦးရေပေါင်း (၆၄၁၆)ဦးဖြင့် ဖွဲ့စည်းထားပါတယ်။ ထို့အတွက်ကြောင့် နယ်မြေကျယ်ဝန်းပြီး လူဦးရေ များပြားသောကြောင့် တာဝန်ထမ်းဆောင်နေရတဲ့ ကျန်းမာရေးဝန်ထမ်း ကြီးကြပ်-၂ နဲ့ သားဖွားဆရာမများမှာ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရောဂါနှိမ်နင်းရေး၊ ရောဂါကြိုတင်ကာကွယ်ရေး၊ ကျန်းမာရေးဆိုင်ရာ အသိပေးခြင်း၊ ကာကွယ်ဆေး ထိုးနှံခြင်း၊ မိခင်နှင့် ကလေးစောင့်ရှောက်ခြင်း၊

ကိုယ်ဝန်ဆောင်မိခင် စောင့်ရှောက်ခြင်း၊ ကာကွယ်ဆေးထိုးပေးခြင်း၊ ကလေးမွေးဖွားခြင်းနဲ့ ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံခြင်း၊ ဖွား/သေ စာရင်းများကို ပြုစုရခြင်း၊ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရတဲ့အပြင် စာရင်းဇယားများကိုလည်း ပြုစုပြီးတော့ ပြန်လည်ပေးပို့ဆောင်ရွက်နေရတဲ့အတွက်ကြောင့် လုပ်ငန်းများနဲ့ မနိုင်မနင်းဖြစ်နေရပါတယ်ခင်ဗျား။ ထို့အတွက်ကြောင့် ကျုံကွယ်ကျေးရွာအုပ်စုအတွင်း နွတ်အောက်ရွာနှင့် ကော့ကလော့ကျေးရွာအုပ်စုတွင် မွေဟောက်ရွာတို့ကို ကျေးလက်ကျန်းမာရေးဌာနခွဲများ တိုးချဲ့ ဆောက်လုပ်ပေးစေလိုပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါ့အပြင် ကျိုက်မရောမြို့နယ်အတွင်းရှိ နိဒ့်၊ တောင်ကလေး၊ ကော့စပ်ကျေးရွာများတွင် ဌာန၏လိုအပ်ချက်ဖြစ်သော မြေနေရာနှင့် ဝန်ထမ်းများရှိနေပြီး ကျေးလက်ကျန်းမာရေးဌာနခွဲ မရှိတဲ့အတွက် ဝန်ထမ်းများမှာ ကျေးရွာများတွင် အိမ်ငှားနေကြရပြီး ဆေးခန်းနှင့် သားဖွားခန်းများကိုလည်း အဆင်ပြေသလို ဆောင်ရွက်နေရတဲ့အတွက် ထိုရွာများမှာလည်း ကျေးလက်ကျန်းမာရေးဌာနခွဲများ လိုအပ်လျက်ရှိနေပါတယ်ခင်ဗျား။ ထို့အပြင် ဆေးခန်းများကို အလှူရှင်များနှင့် UNDP၊ န.တ.လ တို့မှ ဆောက်လုပ်ပေးထားသော မိကသစ်၊ အလှပ်ကုန်း၊ ကဒါ၊ မရင်းကုန်း၊ ဦးလေး ကျေးရွာများမှာလည်း ဝန်ထမ်းအိမ်ရာများ လိုအပ်လျက်ရှိနေပါတယ်ခင်ဗျား။

သို့ဖြစ်ပါ၍ မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ကျုံကွယ်ကျေးရွာအုပ်စုရှိ နွတ်အောက်ရွာနှင့် ကော့ကလော့ကျေးရွာအုပ်စုရှိ မွေဟောက်ရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာနခွဲများ တိုးချဲ့ဆောက်လုပ်ပေးရန်၊ နိဒ့်၊ တောင်ကလေး၊ ကော့စပ်ကျေးရွာများတွင် ကျေးလက်ကျန်းမာရေးဌာနခွဲများ ဆောက်လုပ်ပေးရန်နှင့် မိကသစ်၊ အလှပ်ကုန်း၊ ကဒါ၊ ဖနုံ၊ မရင်းကုန်း၊ ဦးလေး ကျေးရွာတို့တွင် လိုအပ်လျက်ရှိသော ဝန်ထမ်းအိမ်ရာများအား ဝန်ကြီးဌာနအနေဖြင့် မည်သို့ ဆောင်ရွက်ပေးနိုင်မည်၊ မည်သည့်ဘဏ္ဍာနှစ်တွင် ပြုလုပ်ပေးနိုင်မည်ကို သိရှိလို၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)များကို ဆောက်လုပ်ပေးခြင်း မရှိသေးသည့် ကျေးရွာများတွင် အဆောက်အအုံသစ်များ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ။**　　။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်က ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)များ ဆောက်လုပ်ပေးခြင်း မရှိသေးသည့် ကျေးရွာများတွင် အဆောက်အအုံသစ်များ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။**　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်

ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးမြန်းလိုသည့် မေးခွန်းကတော့ ချင်းပြည်နယ်၊ ပလက်ဝ မြို့နယ်အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများကို ဆောက်လုပ် ပေးခြင်း မရှိသေးသည့် ကျေးရွာများတွင် အဆောက်အအုံသစ်များ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုသည့် မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်း ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများနှင့် ယနေ့အထိ အဆောက်အအုံများ ဆောက်လုပ်ပေးခြင်းမရှိသေး သော ကျေးရွာအုပ်စုများ ရှိနေပါတယ်။ ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံများ မရှိသေးသော ကျေးရွာများနှင့် အဆောက်အအုံများ ဟောင်းနွမ်းပြီး ပြုပြင်ရန် လိုအပ်လျက် ရှိနေပြီဖြစ်သော ကျေးရွာများအား လာမယ့်ဘဏ္ဍာနှစ်များတွင် လျာထားဆောင်ရွက်ပေး စေလိုပါတယ်။ အဆောက်အအုံများ မြောက်မြားစွာ လိုအပ်နေသည့်အတွက် အခုလို တစ်မြို့နယ်လုံးရှိ ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံများကို နိုင်ငံတော်မှ တာဝန်ယူ ဆောက်လုပ်ပေးပါရန် ပြည်သူများကိုယ်စား တင်ပြတောင်းခံရခြင်း ဖြစ်ပါတယ်။ ဘဏ္ဍာနှစ် အလိုက် ကျွန်တော်တို့ မြို့နယ်အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ များအတွက် နိုင်ငံတော်မှ ဘတ်ဂျက်များ ချထားပြီး ဆောင်ရွက်ပေးသည့်အတွက်လည်း မဲဆန္ဒရှင် ပြည်သူများကိုယ်စား ကျေးဇူးတင်ရှိပါတယ်။ လက်ရှိ ဆောက်လုပ်ပေးခြင်း မရှိသေးသည့် ကျေးရွာ အုပ်စုများ အဆောက်အအုံသစ်များအားလည်း ဆောက်လုပ်ပေးစေလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တချို့ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနအတွက် နိုင်ငံတော်မှ ဘတ်ဂျက် ချထားပြီးဖြစ်သော်လည်း လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် ပြန်လည်ရုပ်သိမ်း သော အဆောက်အအုံများအတွက် ပိုမို၍ ဘတ်ဂျက်များချထားပေးပြီး ၎င်းကျေးလက်ကျန်းမာရေး ဌာန အဆောက်အအုံများကို ပြန်လည်၍ ဆောက်လုပ်ပေးစေလိုပါတယ်။ ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ရရှိတာ နှစ်ပေါင်းများစွာ ကြာပြီဖြစ်သော်လည်း ယနေ့အထိ အဆောက် အအုံမရှိသေးသည့် ကျေးရွာအုပ်စုများအား အထူးဦးစားပေးပြီး ဆောင်ရွက်ပေးစေလိုပါတယ်။

ထို့ကြောင့် မိမိမဲဆန္ဒနယ်အတွင်းရှိ ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝ ရရှိစေရန်နှင့် ကျန်းမာရေးဝန်ထမ်းများ လုံခြုံစွာ နေထိုင်နိုင်ရန်အတွက် ဒေသခံပြည်သူများကိုယ်စား သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ အဆောက်အအုံသစ်များအား ချထားဆောင်ရွက်ပေးပါရန် တင်ပြ တောင်းခံရခြင်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် အထက်ပါမေးခွန်းအား ရိုသေလေးစား စွာဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနှင့် ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၉။**

**ဒေါက်တာမြင့်ထွေး (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လေးစားအပ်ပါသော လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးဝင်းမောင် ၏ မေးခွန်းဖြစ်သော မကွေးတိုင်းဒေသကြီး၊ စလင်းမြို့မှာ လက်ရှိ အားကစားကွင်းကို အဆင်မြှင့်တင် ပြုပြင်ပြီး မိုးလုံလေလုံအားကစားကွင်းကြီးအဖြစ် ဆောက်လုပ်ရန် ကိစ္စနှင့် ပတ်သက်၍ မကွေးတိုင်း၊ စလင်းမြို့နယ်ရှိ အားကစားကွင်းမြေနေရာမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဇန်နဝါရီလ ၁ ရက်၊ ၂၀၁၇ ရက်နေ့တွင် မြေယာလျော်ကြေးငွေ ပေးအပ်ပွဲ အခမ်းအနားကျင်းပ၍ တောင်သူ(၆)ဦးအား မြေယာလျော်ကြေးငွေ ပေးချေပြီးဖြစ်သော အားကစားကွင်း နေရာ ဖြစ်ပါတယ်။

မြေဂရန်ရရှိရေးအတွက် ခရိုင်အုပ်ချုပ်ရေးမှူးရုံးသို့လည်း တင်ပြဆောင်ရွက်ထားပြီးလည်း ဖြစ်ပါတယ်။ အဆင့်ဆင့် တင်ပြဆောင်ရွက်ခွင့်ပြုတောင်းပြီး အားကစားနှင့် ကာယပညာဦးစီးဌာနပိုင် မြေဂရန်အဖြစ် ရရှိပါက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြု ရန်ပုံငွေစာရင်းတွင် ထည့်သွင်းတောင်းခံပြီး ဘဏ္ဍာရန်ပုံငွေ ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးမည် ဖြစ်ပါတယ်။ ထို့အပြင် ဒီနေရာမှာ ကျွန်တော် တစ်ခုတင်ပြလိုတာကတော့ မီတာ(၄၀၀)ပြေးလမ်း၊ ဘောလုံးကွင်း အလျား(၄၄၆)ပေ၊ အနံ(၂၂၅)ပေဆိုရင် ကျွန်တော်တို့ (၈၉.၇)သန်းကျပါတယ်။ အားကစားရုံ အလျား (၁၂၀)ပေ၊ အနံ(၉၀)ပေ၊ အမြင့်(၃၀)ပေဆိုရင် (၂၅၀)သန်းကျပါတယ်။ ထို့အပြင် ဤကဲ့သို့သော ကိစ္စမျိုးကို ကျွန်တော် နောက်နှစ်မှာ ဘတ်ဂျက်ကို ပိုတောင်းပြီးတော့ တစ်ပြည်လုံးမှာရှိတဲ့ အားကစားကွင်းတွေကို ပြင်ဆင်ခြင်း၊ ပြုပြင်ခြင်း၊ ဆောက်လုပ်ခြင်းအပြင် လိုအပ်တဲ့ အားကစားပစ္စည်း များကိုလည်း ဖြည့်ဆည်းပေးထားဖို့ ကျွန်တော့်အောက်က အားကစားနှင့် ကာယပညာဦးစီးဌာနကို ပြောထားတဲ့အတွက် သူတို့ ဘတ်ဂျက်တွေလည်း အကုန်တွက်လျက်ရှိကြောင်းကိုလည်း ကျွန်တော် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ် အမှတ်(၇)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်သီဟ ၏ မေးခွန်းဖြစ်သော မွန်ပြည်နယ်၊ ရေးမြို့နယ်၊ လမိုင်းတိုက်နယ်ဆေးရုံ၌ လစ်လပ်လျက်ရှိသော လက်ထောက်ဆရာဝန်တစ်ဦး ဖြည့်ဆည်းပေးရန် အစီအစဉ်နှင့် ပတ်သက်၍ ကျွန်တော် ဖြေကြားပါမယ်။

ရေးမြို့နယ်၊ လမိုင်းတိုက်နယ်ဆေးရုံ၌ ယာယီတာဝန်ထမ်းဆောင်ရန် ကျွန်တော်တို့ မွန်ပြည် နယ် ပြည်သူ့ဆေးရုံကြီးက ဆရာဝန်တစ်ဦးကို လွှတ်ထားလျက်ရှိပါတယ်။ လွှတ်ထားတဲ့ဆရာဝန်ကို ကျွန်တော်တို့က ဒီလမှာပဲ အမြဲတမ်းတာဝန်နဲ့ ချထားပြီး ဖြစ်တဲ့အတွက် လမိုင်းဆေးရုံမှာ လောလောဆယ် ဆရာဝန်(၂)ယောက်နဲ့ တာဝန်ထမ်းဆောင်ဖို့ ရှိပါတယ်ခင်ဗျား။ လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ် အမှတ်(၉)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ် ၏ မေးခွန်းဖြစ်သော အစိုးရဝန်ထမ်းမဟုတ်သော ပြင်ပသွားဘက်ဆိုင်ရာ ဆရာဝန်များအား သက်ဆိုင်ရာ ဘာသာရပ်တစ်ခုချင်းစီအလိုက် အထူးပြု မဟာဘွဲ့လွန်ပညာများ သင်ကြားခွင့်ရရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်၍ ကျွန်တော် ဖြေကြားမှာပါ။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဦးစီး ဌာနအောက်ရှိ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)နှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (မန္တလေး)တို့တွင် သွားဘက်ဆိုင်ရာ ဆေးပညာဘွဲ့လွန်သင်တန်းများအဖြစ် အထွေထွေသွားရောဂါကု ဒီပလိုမာ၊ Diploma in Dental Science (General Dental Practice) (၁)နှစ် သင်တန်းတစ်ခုကို သွားဘက်ဆိုင်ရာဆေး(၁)ခု၊ သွားဘက်ဆိုင်ရာဆေးမဟာသိပ္ပံ(၉)ခု၊ သွားဘက်ဆိုင်ရာ ဆေးလက်တွေ့ ပါရဂူသင်တန်း(၈)ခု၊ သွားဘက်ဆိုင်ရာ ဆေးလက်တွေ့အခြေခံပါရဂူသင်တန်း(၁)ခုတို့ကို ဖွင့်လှစ် သင်ကြားပေးလျက် ရှိပါတယ်။ ပြင်ပသွားဘက်ဆိုင်ရာ ဆရာဝန်များအတွက် အထွေထွေသွားရောဂါကု ဒီပလိုမာသင်တန်း Diploma in Dental Science (General Dental Practice)ကို သွားဘက် ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)မှာ ၁၉၉၇-၁၉၉၈ ပညာသင်နှစ်မှ စတင်ဖွင့်လှစ်ပြီး သွားဘက် ဆိုင်ရာ မန္တလေးမှာ ၂၀၁၁ ခုနှစ်မှစ၍ ဖွင့်ပါတယ်။

ယခုအချိန်အထိ ပြင်ပဆရာဝန်များအနေနှင့် အထွေထွေသွားရောဂါ ဒီပလိုမာ ရရှိပြီးသူ (၁၉၄)ဦး ရှိပါတယ်။ ယခု ၂၀၁၇ ခုနှစ် ပညာသင်နှစ်မှာလည်း သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်)မှာ ဒီပလိုမာသင်တန်းတက်တဲ့သူ (၁၁)ဦးရှိပါတယ်။ သို့သော် မန္တလေးမှာတော့ တက်ရောက် ရန် တစ်ယောက်မှလျှောက်ထားခြင်းမရှိတာကို တွေ့ရပါတယ်။ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်မှာ ဒီ လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောတဲ့အတွက် ပြင်ပဆရာဝန်များအတွက် မဟာသိပ္ပံသင်တန်းကိုတော့ ကျွန်တော်တို့က အခြေအနေအရပ်ရပ်ပြည့်စုံပြီး အဆင်သင့်ဖြစ်နိုင်မည့် ၂၀၁၉ ခုနှစ် ပညာသင်နှစ်မှာ စတင်ဖွင့်လှစ်ဖို့ ကြိုးစားဆောင်ရွက်လျက် ရှိပါတယ်။ ဒီ ဒီပလိုမာရပြီးသူ ပြင်ပဆရာဝန်များ လျှောက်ထားနိုင်ပြီး ဝင်ခွင့်ရမှာ ဆိုလို့ရှိရင်တော့ ဝန်ထမ်းနဲ့ ပြင်ပ စုစုပေါင်းရင် (၂၀)ရာခိုင်နှုန်းခန့်ကို ကျွန်တော်တို့ ခေါ်သွားမှာဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်တော် တစ်ခုတင်ပြလိုတာကတော့ ပြင်ပသွားဘက်ဆိုင်ရာ ဆရာဝန်များဟာ ကျွန်တော်တို့က သူတို့ရဲ့ Capacity Building စွမ်းအား၊ စွမ်းရည်မြှင့်ဖို့ သင်တန်းများကို အကုန်လုပ် လျက်ရှိပါတယ်။ လုပ်တဲ့အခါမှာ ကျွန်တော်တို့ Myanmar Dental Association ကနေလုပ်ပါတယ်။ (၄)လ Certificate Course များကို နိုင်ငံခြားမှာရှိတဲ့ ပါရဂူများနဲ့ ပေါင်းပြီးတော့ Implant တို့ On the Dentists အစရှိတာတွေကိုလည်း ပေးလျက်ရှိပါတယ်။ ထို့အပြင် လစဉ်ပညာပေး ဟောပြောပွဲ များကိုလည်း Retired Dental ပါမောက္ခများနဲ့လည်း ပေးလျက်ရှိပါတယ်။ ပေးတဲ့ဥစ္စာကို CD နဲ့ ရိုက်တယ်။ CD နဲ့ ရိုက်ပြီးတော့ နယ်မှာရှိတဲ့ ဒီ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းတွေကို ဖြန့်ပြီးတော့ သူတို့ကို ပြန်လည်ကြည့်စေပါတယ်။ ထို့အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ မကွေး၊ တောင်ကြီး ကဲ့သို့သော မြို့များမှာ Continuing Dental Education ဆိုတာတွေကို ကျွန်တော်တို့ လုပ်လျက်ရှိ

ပါတယ်။ Myanmar Dental Association က လုပ်လျက်ရှိပါတယ်။ ဒီတော့ အရည်အသွေးမြှင့် သင်တန်းတွေ၊ ဆွေးနွေးပွဲမှာ ဒါ Regulate လုပ်လျက်ရှိပါတယ်။

နောက်တစ်ချက်က ကျွန်တော် ဒီမှာတင်ပြတာကို ဆေးတက္ကသိုလ်တွေမှာတော့ ကျွန်တော်တို့က Lunch time talk ဆိုပြီးတော့ လုပ်ပါတယ်ခင်ဗျား။ ဒီ ထမင်းစားချိန်မှာ ပါမောက္ခတွေ ဒါကိုလည်း ကျွန်တော်တို့က Dental ကောလိပ်၊ ဒါကိုလည်း ရန်ကုန်နဲ့ မန္တလေးမှာပဲ ဖြစ်နိုင်မှာပါ။ ဒါတွေလုပ်ဖို့ ရှိပါတယ်။ တစ်ဆက်တည်းမှာ ကျွန်တော် တင်ပြလိုတာကတော့ ဒီ သွားဘက်ဆိုင်ရာ ပြင်ပဆရာဝန်တွေရဲ့ အရည်အသွေးအပြင် ဆရာဝန်တွေရဲ့ အရည်အသွေးကို မြှင့်ဖို့အတွက်က ကျွန်တော့်အနေနဲ့ လာမယ့် (၂)နှစ်ကျော် (၃)နှစ်လောက်မှာ လုပ်ဖို့ အစီအစဉ်ရှိပါတယ်။ ဒီအစီအစဉ်ကတော့ ဘာလဲဆိုလို့ရှိရင် ကျွန်တော် သ/မ မှတ်ပုံတင်သက်တမ်း လဲတဲ့အခါမှာပဲဖြစ်ဖြစ်၊ ဆ/မ သက်တမ်း လဲတဲ့အခါမှာပဲဖြစ်ဖြစ်၊ သူတို့မှာ Continue medical Education Continue Dental Education မှာ Credit Unit ရ ရမယ်ခင်ဗျား။ Credit Unit ဒီလောက်ရမှသာလျှင် သူတို့ သ/မကို သက်တမ်းတိုးခွင့်ပေးမယ်။ ဆ/မ ကို သက်တမ်းတိုးခွင့်ပေးမယ်။ ဒါ နိုင်ငံခြားတွေမှာ တိုးတက်တဲ့နိုင်ငံတွေမှာ ဒီလိုပဲလုပ်ပါတယ်။ ဒါ သူတို့ကို တင်းကြပ်ခြင်း မဟုတ်ပါဘူး။ သူတို့ကို အရည်အသွေးမြှင့်ခြင်း ဖြစ်ပါတယ်။ သူတို့တွေ အရည်အသွေး မြှင့်မှသာလျှင် ကျွန်တော်တို့ ပြည်သူများဟာ အရည်အသွေးပြည့်မှန်သော ဆေးပညာ၊ သွားပညာကို ပြည်သူများ ရရှိမှာဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ လုပ်မှာပါ။

နောက်တစ်ချက်က ဒီ Dental Association မှာ Conference တွေ အမြဲလုပ်ပါတယ်။ လုပ်လို့ ရှိရင် Conference မတိုင်ခင်တစ်ရက်မှာ သူတို့ဟာ Hands on Training တွေ ပေးပါတယ်။ တကယ့်လက်တွေ့ကို နိုင်ငံခြားပါရဂူတွေ လာတယ်။ ဒီက ပါမောက္ခတွေလည်း လာပြီးတော့ အမြဲပေးတယ် ဆိုတာလည်း တွေ့ပါတယ်။ ဒီကိစ္စမှာ ကျွန်တော် ပြန်လည်လေ့လာတဲ့အခါမှာတော့ ပြင်ပဆရာဝန်တွေရဲ့ အခွင့်အရေးဟာ ကျွန်တော်တို့ ဝန်ထမ်းဆရာဝန်ထက် အခွင့်အရေးပိုရနေတာ တွေ့ရတယ်။ ဘယ်လိုရလဲဆိုတော့ ကျွန်တော် ဂျပန်နိုင်ငံမှာ Tokyo Medical and Dental University မှာ အားလုံးပေါင်း Doctorate ပါရဂူတက်တဲ့လူ (၄၄)ဦး ရှိပါတယ်။ (၄၄)ဦးမှာ (၃)ဦးသည်သာလျှင် အစိုးရဝန်ထမ်းဖြစ်ပြီး ကျန်တဲ့သူများအားလုံးသည် ပြင်ပ သွားဘက်ဆိုင်ရာ ဆရာဝန်များ ဖြစ်ပါတယ်။

အလားတူစွာပဲ ဂျပန်နိုင်ငံမှာရှိတဲ့ Nagoya University မှာ တစ်ယောက် တက်နေပါတယ်။ ဒီတစ်ယောက်သည်လည်း ပြင်ပက သွားဘက်ဆရာဝန် ဖြစ်ပါတယ်။ အလားတူစွာ China မှာ နမ်နင်းမှာလည်း တက်နေပါတယ်။ (၈)ယောက် တက်နေပါတယ်။ (၈)ယောက်စလုံးသည် ပြင်ပဆရာဝန်များ ဖြစ်ပါတယ်။ သူတို့သည် ဒီတက္ကသိုလ်များကရတဲ့ Scholarship နဲ့ တက်နေခြင်းဖြစ်ပါတယ်။ ဒါကတော့ ဆိုလိုတာကတော့ ပြင်ပသွားဘက်ဆရာဝန်များ အခွင့်အရေးဟာ ကျွန်တော်တို့ ဝန်ထမ်းတွေထက်တောင် ပိုရတာတွေ့တဲ့အတွက် ကျွန်တော့်အနေနဲ့ ဒီနေရာမှာ ကျွန်တော်တို့ ဝန်ထမ်းတွေဟာ ဘာဖြစ်လို့ ဒီလိုမရ ရမှာလဲဆိုပြီး သက်ဆိုင်ရာ University နဲ့ အခု ညှိဖို့လုပ်နေပါတယ်။ ကျွန်တော်တို့ ဝန်ထမ်းတွေကို ဒီ Doctorate ဟာတွေကို သွားတက်လို့ရအောင် ကျွန်တော်တို့ စီစဉ်နေပါတယ်။ ဆေးဘက်မှာတော့ ကျွန်တော်တို့ဟာ လျှောက်ခွင့်ပေးပါတယ်။ ကိုယ့်ဟာကိုယ်လျှောက် လျှောက်ရင်

တက်ခွင့်ပေးပါတယ်။ ကျွန်တော်တို့ ပြန်လာလို့ရှိရင် အမှုထမ်းပါတယ်။ ဒါမျိုးကိုလည်း ကျွန်တော်တို့ဟာ Dental မှာ ပိုပြီးလုပ်ပေးပါမယ်။ အထူးသဖြင့် ဝန်ထမ်းဆရာဝန်တွေ ဖြစ်ပါတယ်။

နောက်တစ်ချက်က ကျွန်တော့်အနေနဲ့ ဒီနေရာမှာ တင်ပြလိုတာကတော့ ကျွန်တော်တို့ သွားဘက်ဆရာဝန် ဆရာဇော်လင်းထွန်း ကလည်း အဲဒီဘက်ကဆိုတော့ ကျွန်တော့်အနေနဲ့လည်း အထူးသတိပေး Community Dental Health ပြည်သူ့ကျန်းမာရေး Dental Health ကို ကျွန်တော် ဦးစားပေး ဆောင်ရွက်နေပါတယ်။ ကျောင်းကျန်းမာရေးအဖွဲ့ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်ကိုသွားပြီး လုပ်နေပါတယ်။ ဒီ စနေနေ့မှာလည်း ကျွန်တော် မန္တလေးက Dental University ကို သွားပြီး ပါမောက္ခတွေနဲ့ တိုင်ပင်မယ်။ ဘယ်လိုဆက်လက်ပြီး လုပ်မယ်ဆိုတာကို ဆွေးနွေးဖို့ရှိတယ်ဆိုတာကို လေးစားစွာ တင်ပြရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးအများကြီး တင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ် အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဇော်ဦး ၏ မေးခွန်းဖြစ်သော ကျိုက်မရောမြို့နယ်၊ ကျုံကွယ်ကျေးရွာအုပ်စု၊ နွတ်အောက်ရွာနှင့် ကော့ကလော့ကျေးရွာအုပ်စု မွေဟောက်ကျေးရွာများတွင် ကျေးလက်ကျန်းမာရေး ဌာနအသစ် တိုးချဲ့ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ကျွန်တော် ဖြေကြားပါမယ်။

ကျွန်တော်တို့ မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်မှာဆိုလို့ရှိရင် ခုတင်(၂၅)ခုတင်ဆံ့ ဆေးရုံ (၁)ရုံ၊ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ (၁)ရုံ၊ တိုက်နယ်ကျန်းမာရေးဌာန Station Health Unit (၁)ခု၊ ကျေးလက်ကျန်းမာရေးဌာန (၆)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ (၃၁)ခု၊ မိခင်-ကလေးကျန်းမာရေး ဌာန(၁)ခု ရှိပါတယ်။ တော်တော်များသော ကျန်းမာရေးဝန်ဆောင်မှုများကို ပေးလျက်ရှိပါတယ်။ ဒီ ပြည်သူ့ကျန်းမာရေးဝန်ထမ်း အနေနဲ့လည်း လက်ထောက်ကျန်းမာရေးမှူး(၇)ဦး၊ ကျန်းမာရေးမှူး ကြီးကြပ် - ၁ (၃)ဦး၊ ကျန်းမာရေးဆရာမ သူနာပြု(၄)ဦး၊ သားဖွားဆရာမ(၅၀) ဦး၊ ကျန်းမာရေးမှူး ကြီးကြပ်(၂၈)ဦးတို့ဖြင့် စုစုပေါင်း ဒီ တော်တော်များများ ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု များ ပေးလျက်ရှိပါတယ်။ ဒီ ကျုံကွယ်ကျေးရွာအုပ်စု၊ နွတ်အောက်ကျေးရွာနှင့် ကော့ကလော့ကျေးရွာ အုပ်စု၊ မွေဟောက်ကျေးရွာများသည် လက်ရှိ ကျေးလက်ကျန်းမာရေးဌာနခွဲများ ဖွဲ့စည်းပုံမရှိသေး သောကျေးရွာများဖြစ်ကြောင်း ကျွန်တော်တို့ စိစစ်တွေ့ရှိပါတယ်။

ဒါကြောင့် နွတ်အောက်ကျေးရွာနှင့် မွေဟောက်ကျေးရွာတို့တွင် ကျေးလက်ကျန်းမာရေး ဌာနအသစ် ပထမအဆင့်အနေနဲ့ ဖွဲ့စည်းပုံရရှိဖို့ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းအဆင့် ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့သို့ တင်ပြ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားလိုပါတယ်။ အဆောက်အဦ ဆောက်လုပ်မယ့် နွယ်အောက်ကျေးရွာနှင့် မွေဟောက်ကျေးရွာတို့တွင် ဧကပေ(၁၀၀)ပတ်လည်လည်း ရှိပါတယ်။ မွေဟောက်ကျေးရွာအနေနဲ့ မြေ(၀.၂၃)ဧက လျာထားပြီးဖြစ်ကြောင်း၊ နောက် ကျေးလက် ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ရန် အခြေခံမှုများနှင့်လည်း ကိုက်ညီမှုရှိပြီး၊ မြေပြင်အနေအထားအရ လိုအပ်လျက်ရှိကြောင်းကိုလည်း တွေ့ရပါတယ်။ ထို့ကြောင့် ဒီကျန်းမာရေးဌာနခွဲအသစ် ဖွဲ့စည်းပုံ

ခွင့်ပြုမိန့် ရရှိပါက စံကိုက် ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အဦများ ဆောက်လုပ်ရန် ၂၀၁၉-၂၀၂၀ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ဦးစားပေး ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ် အတွင်းရှိ ကျေးလက်ကျန်းမာရေး ဌာနခွဲ စံကိုက်အဆောက်အဦ လိုအပ်လျက်ရှိသော နိဒုံ၊ တောင်ကလေး၊ ကော့စပ်ကျေးရွာများတွင် ဆောက်လုပ်ပေးပါရန်နှင့် ဝန်ထမ်းအိမ်ရာလိုအပ်လျက်ရှိသော မိကသစ်၊ အလှပ်ကုန်း၊ ကဒါ၊ ဖနုံ၊ မရင်းကုန်း၊ ဦးလေးရွာများတွင် ဆောင်ရွက်ပေးရန်ကိစ္စနှင့် ပတ်သက်ပြီးတော့ ဒီ ကျိုက်မရောမြို့နယ် အတွင်းရှိ နိဒုံ၊ တောင်ကလေး၊ ကော့စပ်ကျေးရွာများတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ (၃)ခုတွင် စံကိုက်ကျေးလက်ကျန်းမာရေး အဆောက်အဦ ဆောက်ဖို့အတွက်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် စတင်၍ လည်းကောင်း၊ ဝန်ထမ်းအိမ်ရာ လိုအပ်လျက်ရှိသော မိကသစ်၊ အလှပ်ကုန်း၊ ကဒါ၊ ဖနုံ၊ မရင်းကုန်း၊ ဦးလေး ကျေးလက်ကျန်းမာရေးဌာန(၆)ခုအတွက် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရေး အတွက်ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစတင်၍လည်းကောင်း၊ နှစ်စဉ် စီမံကိန်းများနှင့် ရန်ပုံငွေ ရရှိရေးအတွက် ဦးစားပေး အစီအစဉ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက် ၏ မေးခွန်းဖြစ်သော ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများ အစိုးရမှ ဆောက်လုပ်ပေးခြင်း မရှိသေးသည့် ကျေးရွာများအား အဆောက်အဦသစ် ဆောက်လုပ်ပေးရန် ကိစ္စနှင့် ဖြေကြားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဒီ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်မှာ ဆိုလို့ရှိရင်တော့ ခုတင်(၅၀)ဆံ့ရှိတဲ့ ဆေးရုံ(၁)ရုံ၊ ခုတင်(၁၆)ခုတင်ရှိတဲ့ တိုက်နယ်ဆေးရုံ(၂)ရုံ၊ မိခင်နှင့်ကလေး ကျန်းမာရေးဌာန(၁)ခု၊ ကျေးလက်ကျန်းမာရေးဌာန(၉)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ (၃၅)ခုနဲ့ ကျွန်တော်တို့ ပြည်သူ့ ကျန်းမာရေးဝန်ဆောင်မှုများကို ပေးလျက်ရှိပါတယ်။ ကျွန်တော်တို့ ကနဦးဆန်းစစ်ချက်အရ ပြည်သူ့ ကျန်းမာရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးအနေဖြင့် ကျန်းမာရေး ဌာနများဆောက်လုပ်ခြင်း၊ ကျေးလက်ကျန်းမာရေးဌာနများ(၁၀၅)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ (၄၅၄)ခု၊ စုစုပေါင်း(၅၅၉)ခုအား အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ချင်းပြည်နယ်မှာရှိသော ကျေးလက်ကျန်းမာရေးဌာန(၁၂)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ (၉)ခု၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန(၂)ခု၊ ဆောက်လုပ်ရေးလုပ်ငန်းစုစုပေါင်း(၂၈)ကို ၂၀၁၆-၂၀၁၇ မှာ အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပါတယ်။ ကျေးလက်ကျန်းမာရေးဌာနခွဲ (၁)ခုလျှင် ကျပ်သန်း(၆၃)သန်းဖြင့် (၁၂)ခုအတွက် ကျပ်သန်းပေါင်း(၁၀၇၁)၊ ကျေးလက်ကျန်းမာရေးဌာန(၁)ခုလျှင် ကျပ်သန်း(၁၂၆)သန်းဖြင့် (၉)ခုအတွက်ကို ကျပ်သန်းပေါင်း(၁၁၃၄)သန်း၊ ခရိုင် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန(၁)ခု ငွေကျပ်သန်း(၂၅၇)သန်းစီဖြင့် ရုံး(၂)ရုံးအတွက် ငွေကျပ်သန်း(၅၁၄)သန်း၊ စုစုပေါင်း

ငွေကျပ် သန်း(၂၇၁၉)သန်းဖြင့် ဒီ ချင်းပြည်နယ် ဒီနေရာမှာ ကျွန်တော်တို့ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ဆောင်ရွက်ခဲ့ပါတယ်။ ယခုတင်ပြလိုသည့် နောက်တစ်ချက်က ချင်းပြည်နယ်၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၏ ဇူလိုင်လ ၂၄ ရက်၊ ၂၀၁၇ ခုနှစ် ရက်စွဲပါ စာအရ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ ပလက်ဝမြို့နယ်အတွက် ကျေးလက်ကျန်းမာရေးဌာန(၃)ခု၊ ကွမ်းချောင်း၀၊ ဒိုးချောင်း၀၊ သံတောင် ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ(၆)ခု တွီဆော့ကုန်း၊ စင်ကီတောင်၊ ဝါဒိန်း၊ ပေါင်းမိုင်၊ တိုင်၀၊ ကြက်မအိုင် ကျေးလက်ကျန်းမာရေးဌာနခွဲအတွက် အဆောက်အဦများ ဆောက်လုပ်ခွင့်ပြုထားပြီး ဖြစ်ပါတယ်။

ဂင်းတို့အနက်မှ ကျေးလက်ကျန်းမာရေးဌာန(၂)ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ(၄)ခု တို့၏ အဆောက်အဦများက ဆောက်လုပ်ပြီးစီးသွားပြီ ဖြစ်ပါတယ်။ ကျန်သည့် ကျေးလက်ကျန်းမာရေး ဌာန(၁)ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ(၂)ခုတို့၏ အဆောက်အဦများ ဆောက်လုပ်ရန်လုပ်ငန်း အတွက် ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ စီစဉ်ဆောင်ရွက် လျက်ရှိပါတယ်။ ပလက်ဝမြို့နယ်ဟာ ကျွန်တော်တို့ရဲ့ National Health Plan အမျိုးသားကျန်းမာရေး စီမံကိန်း ၂၀၁၇-၂၀၁၈ မှာ ပထမနှစ်မှာပါတဲ့ မြို့နယ်တစ်နယ် ဖြစ်ပါတယ်။ ဒီမြို့နယ်မှာပါတဲ့အတွက် ဂင်းနှစ်အလိုက် စီမံကိန်း Investment Package ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှာ ကျွန်တော်တို့ အများကြီး ပိုက်ဆံပေးဖို့ရှိပါတယ်။ နံပါတ်တစ်ကတော့ ကျေးလက်ကျန်းမာရေးဌာနတစ်ခုနှင့် ကျေးလက်ကျန်းမာရေး ဌာန(၄)ခုတို့အား အကြီးစား ပြင်ဆင်ဆောင်ရွက်ခြင်း၊ ကျေးလက်ကျန်းမာရေးဌာန(၄)ခုနှင့် ကျေးလက် ကျန်းမာရေးဌာနခွဲ(၂၀)ခုအား အသေးစား ပြင်ဆင်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ခြင်းလုပ်ငန်း အပါအဝင် ပြင်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်မည့် ကျန်းမာရေးဌာနများ ဦးစားပေး ရွေးချယ်ခြင်းအား ချင်းပြည်နယ်အစိုးရ၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ဦးစီးဌာနနှင့် ညှိနှိုင်းပေါင်းစပ်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဂင်းကျန်းမာရေးဌာနများ၏ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်လည်း ကျွန်တော်တို့ ချင်းပြည်နယ်မှာ တစ်မြို့နယ်လျှင် ခန့်မှန်းကုန်ကျစရိတ် မြန်မာကျပ်ငွေ သန်း(၅၂၀)ခန့် ချပြီးဖြစ်ပါတယ်။ ပြည်သူ့ကျန်းမာရေးဦးစီးဌာနရဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းမှ ကျခံ သုံးစွဲပြီးတော့ ကျန်းမာရေးဌာနများ အသစ် ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် အဆောက်အဦသစ် ဆောက်ရန် ချင်းပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျေးလက်ကျန်းမာရေးဌာန(၃)ခု၊ ဆမီး၊ ကနောင်၊ မှူးတနူး ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ(၆)ခု၊ ကျီးလေး၊ ဝက်မ၊ ဗုဒ္ဓဂါမ၊ ဂါရာပြင်၊ ရွှေလိုက်၀၊ မြိတ်ဝကျေးလက်ကျန်းမာရေးဌာနများအား အဆိုတင်ပြထားရာ ဦးစားပေး အစီအစဉ်ဖြင့် ရွေးချယ်ဆောင်ရွက်မည် ဖြစ်ပါတယ်။ ယေဘုယျအားဖြင့် ဦးစားပေး ရွေးချယ်ရာတွင် ချင်းပြည်နယ် ကျန်းမာရေးဌာနများ၏ လုပ်ငန်းဆောင်ရွက်ပြီးမှု၊ လူနာတက်ရောက်အသုံးပြုမှု၊ လွှမ်းခြုံ နိုင်မည့် ကျေးရွာနှင့် လူဦးရေ၊ အဆောက်အအုံ ဆောက်လုပ်ရန်လိုအပ်သော အခြေခံစီးပွားရေး အချက်များ၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊ မြေလုံလောက်မှုအခြေအနေများပေါ် မူတည်ပြီးတော့ ချင်းပြည်နယ်မှာရှိတဲ့ မြို့နယ်များကို ဦးစားပေးပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒေါက်တာဇော်လင်းထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ ပြင်ပဆရာဝန် (၂၀)ရာခိုင်နှုန်း ခေါ်မယ် ပြောသွားပါတယ်။ ၂၀၁၄ ကစပြီးတော့ အထူးပြု ဘွဲ့လွန်ပညာရှင်တွေ (၃၀)ဦးနဲ့အထက် တိုးမြှင့်ခေါ်တာ တွေ့ရပါမယ်။ အဲဒီ (၂၀)ရာခိုင်နှုန်းက Compulsory ခေါ်မှာလား Compete လုပ်ရမှာလား သိချင်ပါတယ်။

**ဒေါက်တာမြင့်ထွေး (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)။** ။ ဖြေခွင့်ပေးပါခင်ဗျ။ ဒါ Compete လုပ်ရမှာပါ။ ဒီ Promotion ပေးထားတာကတော့ သူတို့ပဲ သိမှာပါ။ ပြင်ပဆရာဝန်တွေက Compete လုပ်ရမှာပါ။ ကျွန်တော်တို့ အစိုးရဆရာဝန်မှာလည်း Compete လုပ်ရပါတယ်။ ဒီတိုင်း မရွေးပါဘူးခင်ဗျ။ လျှောက်လို့ရပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီး မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ ယနေ့ မြန်မာနိုင်ငံရှိ မြို့ကြီးအတော်များများ၌ စီးပွားဖြစ်ဂိမ်း(Game)ဆိုင်များ ဖွင့်လှစ်လုပ်ကိုင်နေသူများ မြို့တော်စည်ပင် သာယာရေး ကော်မတီမှ လိုင်စင်ခံယူထားပြီး ကလေးအားကစား ကွင်း (Amusement Center)ဟု သဏ္ဌာန်ဆောင် အမည်ပြု၍ ပြည်ပမှ တင်သွင်းလာသော စက်ကိရိယာများဖြင့် ခေတ်ပေါ် လောင်းကစားနည်းမျိုးစုံ ပါဝင်သော အကြွေစေ့သုံး လောင်းကစားအဆင့်ဂိမ်း(Game)ဆိုင်များ ဖွင့်လှစ်လာကြသည့်အတွက် လောင်းကစားလိုသူ ကျောင်းသား၊ လူငယ်လူရွယ်၊ လူလတ်မျိုးစုံတို့မှာ တဖြည်းဖြည်းချင်း အကျင့်စာရိတ္တပါ ထိခိုက်ပျက်ပြားလာနေသောကြောင့် မြို့များနေ မိဘပြည်သူတို့မှာ ရတက်မအေး စိုးရိမ်စိတ်များ ဖြစ်ပေါ်နေကြပါသည်။ ယင်းသို့ အကြွေစေ့သုံး လောင်းကစားဆိုင်များကို စိစစ်ဖော်ထုတ် ပိတ်သိမ်း အရေးယူခြင်းကို တစ်ပြေးညီလုပ်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့တွင် ၇-၇-၂၀၁၇ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးအောင်သိန်း အဆိုတင်သွင်းထားတဲ့ ယနေ့ မြန်မာနိုင်ငံရှိ မြို့ကြီး အတော်များများ၌ စီးပွားဖြစ်ဂိမ်း (Game)ဆိုင်များ ဖွင့်လှစ်လုပ်ကိုင်နေသူများ မြို့တော်စည်ပင်သာယာရေးကော်မတီမှ လိုင်စင်ခံယူ ထားပြီး ကလေးအားကစားကွင်း (Amusement Center)ဟု သဏ္ဌာန်ဆောင် အမည်ပြု၍ ပြည်ပမှ တင်သွင်းလာသော စက်ကိရိယာများဖြင့် ခေတ်ပေါ်လောင်းကစားနည်းမျိုးစုံပါဝင်သော အကြွေစေ့သုံး လောင်းကစားအဆင့် ဂိမ်း(Game)ဆိုင်များ ဖွင့်လှစ်လာကြသည့်အတွက် လောင်းကစားလိုသူ ကျောင်းသား၊ လူငယ်လူရွယ်၊ လူလတ်မျိုးစုံတို့မှာ တဖြည်းဖြည်းချင်း အကျင့်စာရိတ္တပါ ထိခိုက်ပျက်ပြား လာနေသောကြောင့် မြို့များနေ မိဘပြည်သူတို့မှာ ရတက်မအေး စိုးရိမ်စိတ်များ ဖြစ်ပေါ်နေကြပါသည်။

ယင်းသို့ အကြွေစေ့သုံးလောင်းကစားဆိုင်များကို စိစစ်ဖော်ထုတ် ပိတ်သိမ်းအရေးယူခြင်းကို တစ်ပြေးညီ လုပ်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်(၁၁)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ ဆွေးနွေးမည့် ကိုယ်စားလှယ်များ တစ်ဦးလျှင် (၆)မိနစ်ထက်မပိုဘဲ ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာသန်းဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၈။**

**ဒေါက်တာသန်းဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်း ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း တင်သွင်းထားတဲ့ စီးပွားဖြစ် ဂိမ်း Game ဆိုင်တွေကို အရေးယူပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားဥက္ကဋ္ဌကြီးခင်ဗျား။ Computer Game များဟာ Computer ကို အခြေခံအသုံးပြုပြီး Software Program အစီအစဥ်များထည့်သွင်းကာ တစ်ဦးချင်းဖြစ်စေ Computer ချင်း ဆက်သွယ်ကာ အများစုနှင့်ဖြစ်စေ ကစားကြပါတယ်။ စီးပွားဖြစ် တည်ထောင်ထားတဲ့ Game ဆိုင်များမှာ စားပွဲတင် Computer၊ Desktop Personal Computer များ တပ်ဆင်ထားပြီး ကစားကြပါတယ်။ အကြွေစေ့သုံး Game များကတော့ ကစားကွင်းခန်းမများမှာ Computer ကစားစက်ကြီးတွေကို အသုံးပြုပြီး ကစားကြပါတယ်။ Computer Game များကို ဆယ်ကျော်သက်အရွယ်တွေ အများဆုံးကစားကြပြီး Game အစီအစဥ် ရေးဆွဲထားမှုတွေက အလွန်အကျွံစွဲလမ်းမှုတွေ ဖြစ်စေပါတယ်။ Game ကစားသူတွေရဲ့ ဦးနှောက်အာရုံမှာ ကျေနပ်နှစ်သက်မှု ဖြစ်စေပြီး Game ထဲမှာသာ နစ်မြုပ် စွဲလမ်းနေကာ လက်တွေ့ဘဝနှင့် ကင်းကွာစေတတ်ပါတယ်။

Game အစီအစဥ် ရေးဆွဲထားသူတွေဟာ Game ကစားခြင်းကို ကြာသည်ထက် ပိုမိုကြာရှည်အောင် စိတ်ပညာဥပဒေသတွေ အသုံးပြုပြီး ရေးဆွဲကြပါတယ်။ Game မှာ အဆင့်တွေ သတ်မှတ်ပေးပြီး အစောပိုင်းအဆင့်တွေမှာ လွယ်ကူစေကာ တဖြည်းဖြည်း အဆင့်တက်ဖို့ အချိန်ပိုကြာရှည်စေပါတယ်။ Game တွေမှာ တိကျတဲ့အဆုံးသတ် ပါလေ့ မရှိပါဘူး။ အင်တာနက် တွင်ကျယ်စွာ အသုံးပြုလာချိန်မှာ တစ်ဖက်ကို လေးငါးဦးစီ ယှဥ်ပြိုင်တိုက်ခိုက် ကစားရတဲ့ဂိမ်းတွေဟာ ပိုမိုဆွဲဆောင်လာပါတယ်။ အဖွဲ့ဝင်ချင်း ပူးပေါင်းရမယ့်တာဝန်ဖြစ်စေပြီး Game ကစားခြင်းက မခွဲနိုင် မခွာနိုင်ဖြစ်စေပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Game စွဲနေသူ လူငယ်များဟာ Game ဆိုင်က နေ့ည မပြန်တမ်း ကစားနေကြကာ ရသလို ကြုံသလို နေထိုင်စားနေပြီး အိပ်ရေး ဆက်တိုက်ပျက်နေလို့

တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် ကျန်းမာရေး ထိခိုက်ကြရပါတယ်။ လူငယ်လူရွယ်တွေကို Computer Game ဆိုင်မှာပဲ ထိုင်နေပြီး ကိုယ်လက်လှုပ်ရှားအားကစားတွေကို စိတ်မဝင်စား မလိုက်စားကြလို့ ကျန်းမာသန်စွမ်း ဖွံ့ဖြိုးမှု ကျဆင်းလာပါတယ်။ Game ကစားခြင်း စွဲလမ်းသူတွေမှာ တခြားသူတွေနဲ့ ပေါင်းသင်းဆက်ဆံမှု နည်းပါးလာပါတယ်။ အထီးကျန် ဖြစ်လာပြီး သူငယ်ချင်း အပေါင်းအသင်းတွေ လျော့ပါးလာပါတယ်။ အတိုက်အခိုက် အထိုးအခုတ် Game တွေက စိတ်ကိုပါ လွှမ်းမိုးလာပြီး လက်တွေ့ဘဝမှာ ကြမ်းတမ်းတဲ့စိတ်၊ ရန်လိုတဲ့စိတ်တွေ အကျင့် ဖြစ်လာပါတယ်။ စိတ်ပူပင်မှု၊ စိတ်ဓာတ် ကျဆင်းမှု၊ စိတ် အတက်အကျ ပြောင်းလဲမှု ဖြစ်ကြပါတယ်။ စဉ်းစားတွေးခေါ်သုံးသပ်မှု အရည်အသွေးတွေ ကျလာပါတယ်။

တက္ကသိုလ်ကို ရောက်ရှိပြီး မိဘအုပ်ထိန်းသူတွေနဲ့ တစ်မြို့တစ်ရွာစီ ခွဲနေထိုင်ကာ အထိန်းအကွပ်မရှိ လွတ်လပ်ကာစ လူငယ်ကျောင်းသားတချို့ဟာ Game ကစားတဲ့အကျင့် စွဲသွားပြီး နေ့ပိုင်းမှာလည်း ကျောင်းမှန်မှန် မတက်၊ ညမှာလည်း ညလုံးပေါက် ကစားကြပြီး ကျောင်းခေါ်ချိန် မပြည့်လို့ စာမေးပွဲဖြေဆိုခွင့်မရတာ စာမေးပွဲ အကြိမ်ကြိမ်ကျလို့ ဆယ်တန်းမှာ ထိပ်ဆုံးအမှတ်တွေနဲ့ ဝင်ခွင့်ရတဲ့ တက္ကသိုလ်တွေကနေ ထွက်သွားရတာတွေ ရှိခဲ့ပါတယ်။ အဆင့်မြင့်လက်ကိုင်ဖုန်းတွေ တွင်တွင်ကျယ်ကျယ် သုံးလာချိန်မှာ ဖုန်းထဲမှာ ထည့်သွင်းကစားနေတဲ့ Computer Game တွေကိုလည်း စွဲလန်းသူတွေ များလာပါတယ်။ အလုပ်ချိန် လုပ်ငန်းခွင်မှာ အလုပ်ကို အာရုံမစိုက်ဘဲ ကစားနေပြီး အလုပ်အရည်အသွေး ကျဆင်းကာ အားလပ်ချိန်မှာလည်း မိတ်ဆွေတွေ၊ မိသားစုတွေနဲ့ လူမှုဆက်ဆံရေး လျော့နည်းလာတာတွေ ဖြစ်လာပါတယ်။ အကြွေစေ့သုံး Game ဆိုင်များက ကလေးများ ပျော်ရွှင်စရာ ကစားစရာ အမည်ခံပြီး လူငယ်များကို လောင်းကစား အနိုင် အရှုံးဘက်ကို စိတ်ပါ စွဲလန်းစေပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လူငယ်များ၊ ကျောင်းသားများကို အားလပ်ချိန်မှာ ကောင်းမွန်တဲ့ အလေ့အကျင့်တွေ၊ အသိဉာဏ်တွေ၊ အတွေးအခေါ်တွေ တိုးတက်စေပြီး အများနဲ့ ပူးပေါင်းလုပ်ဆောင်တတ်တဲ့ စိတ်ဓာတ်တွေ လေ့ကျင့်ပျိုးထောင်ရာ စာကြည့်တိုက်တွေ၊ စာဖတ်ဝိုင်းတွေ၊ ပရဟိတလုပ်ငန်းတွေ ကျန်းမာသန်စွမ်းပြီး ဖွံ့ဖြိုးတိုးတက်စေတဲ့ အားကစားအသင်းတွေ၊ အားကစားကွင်းတွေ၊ သင်တန်းတွေ စီစဉ်ဖန်တီးပေးခြင်းဖြင့် ကာယ၊ ဉာဏ ဖွံ့ဖြိုးမှုကို အကျိုးမပြုတဲ့ Game ကစားခြင်းကို စွဲလန်းခြင်းကနေ ကာကွယ်ပေးသင့်ပါတယ်။ Computer Game ဆိုင်တွေကို ကျောင်းတွေ၊ တက္ကသိုလ်တွေ အနီးဝန်းကျင်မှာလုံးဝ ဖွင့်ခွင့်မပေးဖို့၊ ညလုံးပေါက် ဖွင့်ခွင့်မပေးဖို့ သက်ဆိုင်ရာက တားမြစ်သင့်ပါတယ်။ အကြွေစေ့သုံး Game ဆိုင်များကို လောင်းကစားအဖြစ် တားမြစ်သင့်ပါကြောင်း ကိုယ်စားလှယ်ကြီး ဦးအောင်သိန်း ရဲ့ အဆိုကို ထောက်ခံဆွေးနွေးပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်) ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၃။**

**ဒေါက်တာကျော်သန်းထွန်း (ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။

လေးစားအပ်ပါသော အမျိုးသားဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ ကျန်းမာချမ်းသာကြစေရန် ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်သန်းထွန်း(ကန်တုန်) ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း ရဲ့ စီးပွားဖြစ် Game ဆိုင်များ မြို့တော်စည်ပင်သာယာရေး ကော်မတီက လိုင်စင်ယူပြီး လောင်းကစားအဆင့် Game ဆိုင်များဖွင့်ပြီး လောင်းကစားနေကြတဲ့ လူငယ်လူရွယ်တွေ အကျင့်စာရိတ္တ ပျက်ပြားစေတဲ့အတွက် စိစစ်ဖော်ထုတ် ပိတ်သိမ်းအရေးယူပေးဖို့ ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းကို ထောက်ခံဆွေးနွေး တင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပါပသမံ ယမ္ဗတ္တံမနော ဆိုတဲ့ ဘာသာရေးဩဝါဒ ပါဠိစကားအရ ပုထုဇဉ်လူသားတို့သည် မကောင်းမှု၌ မွေ့လျော်တတ်ကုန်၏ ဆိုပြီး အဓိပ္ပာယ် ဖွင့်ဆိုထားပါတယ်။ လူသားတို့ရဲ့ ဘဝတန်ဖိုးဆိုတာ ကောင်းမှု မကောင်းမှု ချိန်ခွင်လျှာပေါ်မှာ မူတည်ပါတယ်။ ပညာအသိ ပညာသတိတို့နှင့် မိမိကိုယ်ကို ကောင်းအောင်ကြိုးစားပြီး ဘဝခရီးကို လျှောက်လှမ်းနေကြတာ ဖြစ်ပါတယ်။ သတိသမ္ပဇဉ် ဉာဏ်အမြော်အမြင်တို့ဖြင့် ထိန်းသိမ်းတည့်မတ်ကြရပါတယ်။ ယခုအဆိုမှာ တင်ပြထားတဲ့ Game ရဲ့ အဓိပ္ပာယ်က ကစားခြင်းကိုဆိုလိုပြီး ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်နည်းစနစ်တွေပေးခြင်း၊ ဉာဏ်ရည် ဖွံ့ဖြိုးတိုးတက်အောင် Chess ခေါ် စစ်တုရင်ကစားနည်းလို အတွေးအခေါ် အမြော်အမြင်ရင့်သန်ဖွံ့ဖြိုးအောင် ပြုစုပျိုးထောင်ပေးခြင်းက အပြိုင်အဆိုင်ရှိပြီး ကောင်းသော လုပ်ဆောင်ခြင်းများ ဖြစ်ပေမယ့် အဲဒီ Game ကိုပဲ အကြွေစေ့သုံးလောင်းကစားစေတော့ Game ဆိုတဲ့ အပြုသဘောဆောင်တဲ့ ကစားခြင်းဟာ Gambling Act ခေါ်တဲ့ ငွေကြေးနဲ့ လောင်းကစားခြင်းဘက် ကူးပြောင်းပြီး အဲဒီလို ဖဲရိုက်ကစား၊ ပျော်ပါးကြက်တိုက်၊ ကတ်ရိုက် ချဲထိုး စရိုက်ဆိုးဘက် ကူးပြောင်းသွားပြီး လောဘဒေါသ မောဟစိတ်တွေ အကျင့်ဆိုးတွေ ကူးစက်လာမှာ ဖြစ်ပါတယ်။

အထူးသဖြင့် ကျောင်းသား၊ လူငယ်လူရွယ်၊ လူလတ် စိတ်ဓာတ်ယိုင်နဲ့ ကိုယ်ကျင့်တရားတွေ ပျက်ပြားပြီး ကျောင်းကိုမရောက် Game ဆိုင်ကိုပဲ ရောက်သွားကြမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လူဦးရေ(၅၁၄၇၆၃၃၃)ဦးရှိပြီး ကျောင်းမနေတဲ့အရွယ်က(၅၆၀၅၃၃၃)ဦး၊ ကျောင်းနေလူငယ်က (၈၄၆၁၄၇၇)ဦး မှတ်တမ်းများအရ သိရှိရပါတယ်။ ဒီကနေ့ Gambling လောင်းကစားပါလာတဲ့ Game ဆိုင်များကို အစွဲလမ်းကြီးစွဲလမ်းပြီး စာရိတ္တပျက်ပြားအောင် Game ဆိုင်ပိုင်ရှင်များ အနာဂတ် မျိုးဆက်သစ်လူငယ်များကို ရည်ရွယ်ချက်နဲ့များ စနစ်တကျ ဖျက်ဆီးနေသလားလို့တောင် သဘောဆောင်နေပါတယ်။ မြို့ပြဒေသ ရပ်ကွက်ကြီး၊ ရပ်ကွက်တိုင်းမှာ Game ဆိုင်များ တိုးပွားလာနေခြင်းဟာ နေ့မနား ညမနား Game ကစားနေသူများကြောင့် မိဘတိုင်း ရင်မောစေပေမယ့် တရားဝင်

လိုင်စင်ရ လောင်းကစားခွင့်ပြုထားသူများ အာဏာပိုင်အဖွဲ့အစည်းများက ပုဂ္ဂိုလ်များနှင့် နှီးနွှယ်ပတ်သက်နေသူများကတော့ မမြင်ယောင်ပြုကာ နားလည်မှုယူရင်း အလုပ်ဖြစ်နေကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ မြို့ပြလမ်းဘေးမှာ ဘီယာဆိုင်တွေ ပေါ်များလာပါတယ်။ နိုင်ငံစုံကလာတဲ့ ဘီယာ၊ ဝိုင်အမျိုးမျိုးကို ယစ်မျိုးဘက်က လျစ်လျူရှုနေပါသလား။ ဒါပေမဲ့ မြန်မာ့သယံဇာတဘက်ကို ထန်းပင်ထက်က ထန်းပင်ကျရေ မြူအိုး(၂)လုံးနဲ့ ထန်းရည်ဆိုင်မှ သယ်လာတဲ့ ထန်းသမားကိုတော့ ယစ်မျိုးဥပဒေ ပုဒ်မတပ်ပြီး မကွေးတိုင်းဒေသဘက်မှာ အရေးယူလိုက်ကြောင်း အံ့ဖွယ်သုတအဖြစ် သတင်းစာမှာ ဖတ်လိုက်ရပါတယ်။ ငွေကြေးနဲ့ လောင်းကစားခြင်းအတူတူ ဖဲရိုက်၊ ကြက်တိုက်၊ ချဲထိုး လောင်းကစားမျိုးကို Gambling Act ဥပဒေ ပုဒ်မများနှင့် အရေးယူပေမယ့် မြို့ပြဒေသက လူငယ်ဖျက်ဆီးရေး Game လောင်းကစားခြင်းကတော့ အံ့သြဖွယ်ရာအခွင့်အရေး ရရှိနေပါတယ်။ Game လောင်းကစားခြင်း ခွင့်ပြုထားတဲ့ သက်ဆိုင်ရာ ပုဂ္ဂိုလ်များကို မေးစရာ မေးခွန်းများဖြစ်လာနေပါတယ်။

သို့ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် နိုင်ငံတော်သို့ တင်ပြလိုသည်မှာ ကိုယ်ကျင့်တရား ပျက်ပြားစေတဲ့ Game လောင်းကစားခြင်းကို လုံးဝ ပယ်ဖျက်ထိန်းသိမ်းပေးရန်နှင့် လူငယ်တို့ရဲ့ မနက်ဖြန်ကို ကျွန်တော်တို့ မျှော်လင့်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာဝင်းမြင့်ချစ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၇။**

**ဒေါက်တာဝင်းမြင့်ချစ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း ရဲ့ အဆိုအား လောင်းကစား ဒုစရိုက်မှုများ အားလုံးနှင့် ဆက်စပ်ပြီးတော့မှ အကြံပြု ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရှင်က မြန်မာနိုင်ငံရဲ့ မြို့ကြီးအတော်များများမှာ လောင်းကစားကွင်း အမည်ပြု၍ စီးပွားဖြစ်ဂိမ်း Game ဆိုင်များ ဖွင့်လှစ်လုပ်ကိုင်မှုမှတစ်ဆင့် လောင်းကစားနည်းမျိုးစုံ ပါဝင်တဲ့ အကြွေစေ့သုံး လောင်းကစားအဆင့် Game ဆိုင်များကြောင့် လောင်းကစားလိုသူ ကျောင်းသား၊ လူငယ်လူရွယ်၊ လူလတ်မျိုးစုံတို့ဟာ တဖြည်းဖြည်းနဲ့ အကျင့်စာရိတ္တ ပျက်ပြားလာနေသကဲ့သို့ မြို့နယ်နဲ့ ကျေးရွာတို့မှာလည်း သာရေးနာရေးနဲ့ အားကစားပွဲများကို အကြောင်းပြုပြီးတော့မှ ဖဲဝိုင်း၊ ကြက်ဝိုင်း၊ ဂျင်ဝိုင်း၊ နွားပွဲ၊ ချဲထီ၊ မာကျောက် စသဖြင့် လောင်းကစားနည်းမျိုးစုံတို့ လုပ်ဆောင်ကြောင်း ဖော်ပြထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လောင်းကစားနည်းမျိုးစုံတို့ဟာ အစပထမမှာ အပျော်သဘောမျိုးနဲ့ စခဲ့ကြပေမယ့် နောက်ပိုင်းမှာ အပျက်မျိုးစုံနဲ့ အဆုံးသတ်လေ့သဘောရှိပါတယ်။ ပထမအပျက်ကတော့

စီးပွားပျက်ခြင်း ဖြစ်ပါတယ်။ လောင်းကစားအစမှာ အပျင်းပြေ အပျော်သဘောနှင့် စခြင်းမှတစ်ဆင့် ငွေကို အလွယ်တကူ အချောင်ရမယ်လို့ ထင်မှတ်ပြီးတော့မှ ကစားရင်းနဲ့ မကောင်းမှုဒုစရိုက်တို့ရဲ့ သဘာဝအတိုင်း ရှုံးမဲ မဲရာကနေပြီးတော့ အလွန်အကျွံဖြစ်လာပြီးတော့ စီးပွားပျက် ဘဝပျက်တဲ့သူများ ဖြစ်လာပါတော့တယ်။ ဒုတိယအပျက်ကတော့ အကျင့်စာရိတ္တပျက်ခြင်း ဖြစ်ပါတယ်။ လောင်းကစား လုပ်ငန်းများဟာ အပျော်သဘောအဖြစ်ကနေ စီးပွားပျက်မှု ကြီးမားလာတာနဲ့အမျှ မတရားရယူလိုမှု စိတ်များက များသထက် များလာကြပါတယ်။ လောင်းကစားခြင်းရဲ့ ပင်ကိုယ်သဘာဝကိုယ်တိုင်က မတော်လောဘရှိခြင်းကို အခြေခံထားခြင်းဖြစ်ရာ အရှုံးနဲ့ ရင်ဆိုင်ရသူများအဖို့ တရားခြင်း၊ မတရားခြင်း တို့နဲ့ မဆိုင်တော့ဘဲ ရလိုစိတ်က ပြင်းထန်နေတဲ့အတွက် ဘနဖူး သိုက်တူးဖို့ ဝန်မလေးခြင်းကြောင့် အကျင့်စာရိတ္တ ပျက်စီးလာပြီးတော့မှ ခိုးဆိုးလုနှိုက် ဒုစရိုက်ဘဝနဲ့ ဆက်စပ်လာတတ်ပါတယ်။ ဒါကနေ တစ်ဆင့် အနုကြမ်းစီးမှု၊ လုယက်မှုများမှတစ်ဆင့် လူသတ်မှုအထိလည်း ပိုမိုကြီးမားလာတတ်ပါတယ်။

တတိယအပျက်ကတော့ တည်ငြိမ်အေးချမ်းမှု ပျက်ပြားခြင်း ဖြစ်ပါတယ်။ မိသားစုဘဝ တည်ငြိမ်အေးချမ်းမှု ပျက်စီးခြင်းမှအစ ဒုစရိုက်အမျိုးမျိုးကြောင့် ရပ်ကွက်၊ ကျေးရွာ မြို့ပြလူထုဘဝ လုံခြုံမှု၊ စိတ်ချမှု အားနည်းလာပြီးတော့ ဒေသအတွင်း တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်ရေးကိုပါ အကြီးအကျယ် စိုးရိမ်လာပြီးတော့ ထိခိုက်ပျက်ပြားလာနိုင်ပါတယ်။ ဒါကတော့ အထူးအရေးကြီးပါတယ်။ လောကသဘာဝအရ ကောင်းမှုဖြစ်စေ၊ မကောင်းမှုဖြစ်စေ တစ်မျိုးတစ်ခုတည်း ထီးထီးနေလေ့ မရှိပါဘူး။ အသိုက်အဝန်းနဲ့ သန္ဓေတည်ဘဝများ ပျံ့နှံ့လေ့ရှိတာကြောင့်မို့လို့ လောင်းကစားခြင်းရဲ့ တစ်ဆက်တည်းမှာ ဆက်စပ်လာတဲ့ မူးယစ်ဆေးဝါး၊ အရက်၊ ဘီယာ စွဲလန်းမှုများနှင့်အတူ အထူးစိုးရိမ် စရာက လူဆိုးလူမိုက်ဂိုဏ်းများထားခြင်း၊ အဂတိတရား လာဘ်ပေးလာဘ်ယူများ ရောပြွန်းနေခြင်းတို့ ကြောင့် ဒေသတည်ငြိမ်ရေး ဒေသအတွင်းလုံခြုံရေးတို့ဟာ အထူးအလေးထား စဉ်းစားရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အကြံပြုတင်ပြချင်တာကတော့ လောင်းကစားကိစ္စများ အားလုံး ပြည်သူများအကြား ပျံ့နှံ့နေမှုကို ထိရောက်စွာ တားဆီး အရေးယူသင့်ပါတယ်။ ဆက်စပ်နေတဲ့ လူဆိုးလူမိုက် အဖွဲ့အစည်းများကိုလည်း ဖော်ထုတ်အရေးယူ ဆောင်ရွက်သင့်ပါတယ်။ ရဲဌာနများနဲ့ တရားစီရင်ရေးကို လက်ရှိထက် ပိုမိုထိရောက်စွာ ဆောင်ရွက်တွန်းအားပေးသင့်ပါတယ်။ ရဲဝန်ထမ်း များကို လုံခြုံရေး ကင်းလှည့်ရာမှာ လိုအပ်တဲ့ကိရိယာများ အပြည့်အဝ ပေးသင့်ပြီးတော့မှ ကာယ၊ ဉာဏ၊ စိတ်ဓာတ် စွမ်းဆောင်ရည်များ စဉ်ဆက်မပြတ် မြှင့်တင်ပေးရန်လည်း လိုအပ်ပါတယ်။ အောက်ခြေရဲဝန်ထမ်းများရဲ့ လူနေမှုဘဝ ယနေ့ထက် ပိုမိုပြည့်စုံစွာ ရရှိနိုင်ရေးအတွက် စီစဉ်ပေးသင့် ပါတယ်။ အရေးယူမှုများကိုလည်း ကောက်ရိုးမီး မဖြစ်စေဘဲနဲ့ စဉ်ဆက်မပြတ် ကြပ်မတ်ဆောင်ရွက် နေရန် လိုအပ်ပါကြောင်း အကြံပြုတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အချုပ်အားဖြင့် လောင်းကစားနည်းများအားလုံး အထူးသဖြင့် အကြွေစေ့သုံး လောင်းကစားမှုများဟာ ယနေ့ ကျောင်းသားလူငယ်များအပါအဝင် လူကြီး ၊ လူလတ် ၊ လူငယ်၊ ကျား၊ မ မရွေး တောရောမြို့ပါ နေရာအနှံ့ အထိန်းမဲ့ ပြုလုပ်နေမယ်ဆိုရင် တစ်ဦးချင်းစီရဲ့ အကျိုးစီးပွား ပျက်စီးရာကနေပြီးတော့ တစ်မိသားစုလုံးရဲ့ အကျိုးစီးပွားပျက်စီးခြင်း၊ ဒါမှတစ်ဆင့် မတရားမှုကို ထုံလာတဲ့ အကျင့်စာရိတ္တ ပျက်ယွင်းမှုဟာ လူသားအရင်းအမြစ် ဖွံ့ဖြိုးမှုကို ယုတ်လျော့

လာစေခြင်း၊ ဒီထက်ပိုဆိုးတာက လောင်းကစားခြင်းနဲ့ တစ်ဆက်တစ်စပ်တည်း ပူးပေါင်းပါဝင်လာတဲ့ လူဆိုးလူမိုက် အဖွဲ့အစည်းများ ပေါ်များခြင်း၊ အကျင့်ပျက် တာဝန်ရှိသူများကြောင့် လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေး လျော့နည်းလာခြင်းမှသည် ကျွန်တော်တို့ နိုင်ငံသူ၊ နိုင်ငံသားတိုင်း မျှော်မှန်းထားတဲ့ ဒီမိုကရေစီ နိုင်ငံတော်သွားစဉ် အကူးအပြောင်းကာလ အဟန့်အတား ဖြစ်စေနိုင်တဲ့ အေးချမ်းရေးကို ပျက်ပြား စေနိုင်တဲ့အထိ ဖြစ်လာနိုင်မယ်လို့ ထည့်သွင်းစဉ်းစားရန် လိုအပ်ခြင်းကြောင့် အဆိုရှင်ရဲ့ အဆိုအတိုင်း ဆောင်ရွက်ပေးပါရန် အကြံပြု ထောက်ခံဆွေးနွေး တင်ပြရင်း နိဂုံးချုပ်ပါတယ်။ အားလုံး အထူး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိသော လွှတ်တော်ကိုယ်စားလှယ်များ မနက်ဖြန် ကျင်းပမယ့် (၄၂)ရက်မြောက်နေ့ အစည်းအဝေးတွင် ဆက်လက် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၄၂)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ သြဂုတ်လ ၁၁ ရက် (သောကြာနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပ မည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ကို ၁၁း၀၃ နာရီအချိန်တွင် ရပ်နားပါသည်။]